Accurate Reliable Trustworthy

KANTARAWADDY TIMES

Scan Me

အတွဲ – ၈ ၊ အမှတ်စဉ် – ၁၁ www.kantarawaddytimes.org နိုဝင်ဘာလ ၁ ရက်နေ့၊ ၂၀၂၀ ခုနှစ်

ကန့်ကွက်မှုတွေရှိနေတဲ့ ခဲသတ္တုသန့်စင်စက်ရုံတည်ဆောက်မှုကို ပြန်လည်သုံးသပ်သွားမည်ဟု KySDP ကိုယ်စားလှယ်လောင်းကတိပေး

နော်ဇွေးအယ်ရှ

၂၀၂၀ ရွေးကောက်ပွဲမှာ အနိုင်ရရှိပါက အရပ်ဖက်အဖွဲ့အစည်းနှင့် ပြည်သူလူထု ကန့်ကွက်နေတဲ့ လွိုင်ကော်မြို့က ခဲသတ္တုသန့်စင်စက်ရုံတည်ဆောက်နေမှုအပေါ် ပြန်လည်သုံးသပ် သွားမည်မယ်လို့ ကယားပြည်နယ်ဒီ မိုကရက်တစ်ပါတီ (KySDP) မှ လွှတ်တော်ကိုယ်စားလှယ်လောင်းတွေက ကတိပေးပြောကြားခဲ့သည်။

"သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြေရေးနဲ့ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် တစ်စိုက်မတ်မတ်လုပ် သွားမယ်လို့ကတိပေးတယ်။ ခဲသတ္တုသန့်စင်စက်ရုံပုံစံမျိုးကို ပြန်လည်သုံးသပ်ပြီးတော့မှ ကျွန်တော်တို့ပြည်သူ တွေအတွက် ဘယ်လောက်ထိ အကျိုးရှိစေသလဲ၊ ဘယ်လောက်ထိအကျိုးပျက်ဆီးစေသလဲဆိုတဲ့ဟာမျိုးကို ပြန်ပြီး လေ့လာသုံးသပ်ဖို့လိုအပ်တယ်လို့ ကျွန်တော်တို့အနေနဲ့မြင်တယ်။ ဒါကြောင့် ပြည်သူလူထုတွေအနေနဲ့ ကျွန်တော်တို့ကို မဲပေးခဲ့လို့ လွှတ်တော်ထဲရောက်သွားမယ်၊ အစိုးရအဖွဲ့ထဲရောက်သွားမယ်ဆိုလို့ရှိရင် ဒီစီမံကိန်းတွေကို ပြန်ပြီးတော့မှ သုံးသပ်နိုင်ဖို့အတွက် တကယ်ကော သူတို့တွေ EIA/SIA ပုံစံမျိုးတွေ တကယ်ကော လုပ်သလားပေါ့။ EIA၊ SIA နဲ့မပြီးဘူး CRA HIA တို့လိုမျိုး အများကြီးရှိတယ်ပေါ့နော်။ အဲဒါတွေနဲ့ဘယ်လောက်ထိ စမ်းသပ်စစ်ဆေးပြီးတော့မှ သုတေသနလုပ်ပြီးတော့မှ ဒီစက်ရုံတွေလည်ပတ်ဖို့အတွက် ကြိုးစားနေတယ်ဆိုတဲ့ဟာကို ပြန်လေ့လာပြီးတော့မှ ပြန်သုံးသပ်ပြီးတော့မှ ရပ်နားသင့်/မသင့် မဟုတ်လို့ရှိရင် ရွှေ့ပြောင်းသင့်/မသင့် ဆုံးဖြတ်ရလိမ့်မယ်လို့ ကျွန်တော်တို့အနေနဲ့ ယုံကြည်တယ်ပေါ့။ ဒါတွေကိုလည်း တစ်စိုက်မတ်မတ်လုပ်သွားမယ်ဆိုတဲ့ကတိမျိုး ကျွန်တော်တို့အနေနဲ့ပေးချင်ပါတယ်" ဟု စတီဗင် (ခ) ထွန်းထွန်းက ပြောသည်။

လွိုင်ကော်မြို့နယ် ပြည်နယ်လွှတ်တော် မဲဆန္ဒနယ် ၁ မှာ ဝင်ရောက်ယှဉ်ပြိုင်သွားမယ့် စတီဗင် (ခ) ထွန်းထွန်းက ပြီးခဲ့တဲ့ လွိုင်ကော်မြို့ ကုန်းသာကျေးရွာအုပ်စုကို အောက်တိုဘာလ ၂၁ ရက်က မဲဆွယ်စည်းရုံးရေး ဆင်းချိန်မှာ ပြောကြားသွားခဲ့တာ ဖြစ်ပါတယ်။

ခဲသတ္တုသန့်စင်စက်ရုံက ကယားပြည်နယ်၊ လွိုင်ကော်မြို့နယ်၊ နွားလပိုးကျေးရွာအုပ်စု အနောက်ဖက် စက်မှုဇုန်အပိုင်း ၂ ရှိ မြေဧက (၁၁၃) ပေါ်မှာ တည်ဆောက်နေတာဖြစ်ပြီး အနိုင်ရပါက စက်ရုံတည်ဆောက်နေတဲ့အခြေအနေတွေကို ပြန်လည်သုံးသပ်မယ်လို့ ဆိုပါတယ်။

ခဲသတ္တုသန့်စင်စက်ရုံကို Global South Industrial Co.Ltd နှင့် ပြည်တွင်းက ရတနာကုဋေ သိုက်ကုမ္ပဏီလိမိတက်တို့ ဖက်စပ်လုပ်ကိုင်ခြင်းဖြစ်ပြီး ခဲမဖြူ၊ အဖြိုက်နက်နှင့်ရောရာသတ္တုတွေကို ကုန်ချောထုတ်လုပ်ငန်းကိုလုပ်ဆောင်ဖို့ သတ္တုသန့်စင်စက်ရုံတည်ဆောက်နေခြင်းဖြစ်ပါတယ်။

ထိုစီမံကိန်းအတွက် Global South Industrial Co.Ltdအနေဖြင့် အမေရိကန်ဒေါ်လာသန်း ၄၅ သန်း (စုစုပေါင်းရင်းနှီးမြှုပ်နှံမှု ပမာဏ ၏ ၉၀%)၊ ရတနာကုဋေ့သိုက်ကုမ္ပဏီလိမိတက်အနေဖြင့် အမေရိကန်ဒေါ်လာ ၅ သန်း (စုစုပေါင်းရင်းနှီးမြှုပ်နှံပမာဏ ၏ ၁၀%) စုစုပေါင်း အမေရိကန်ဒေါ်လာ သန်း ၅၀ ရင်းနှီးမြှုပ်နှံထားတာဖြစ်ပါတယ်။

စီမံကိန်းအတွက် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ထံကနေ ခွင့်ပြုမိန့်အမိန့် (၁ဖေ၈/၂၀၁၉) ဖြင့် နှစ်၅၀ လုပ်ပိုင်ခွင့်ကို ပြီးခဲ့သည့် ၂၀၁၉ ခုနှစ် ဇူလိုင် ၆ ရက်နေ့က ရရှိထားပြီး လုပ်ငန်းကို အကောင်အထည်ဖော် ဆောင်ရွက်နေကြတာ ဖြစ်ပါတယ်။

ဒါပေမယ့် ဓာတ်သတ္တုကုန်ကြမ်းရဲ့ နောက်ဆက်တွဲသက်ရောက်မှုနှင့်ပတ်သက်လို့ ပတ်ဝန်းကျင်ထိခိုက်မှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း (IEE)၊ ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်း (EIA) ကို လေ့လာဆန်းစစ်ဖို့ လုပ်ဆောင်တာတွေ ရှိ/မရှိ ပြည်သူလူထုတွေအနေဖြင့် မသိရဘူးလို့ မြန်မာနိုင်ငံပွင့်လင်းမြင်သာမှုနှင့် တာဝန်ယူမှု၊ တာဝန်ခံမှုဆိုင်ရာ အရပ်ဖက်မဟာဗိတ်အဖွဲ့ ကရင်နီပြည်တာဝန်ခံ ခွန်းအန်းဂျလိုက ဝေဖန်ခဲ့ပါတယ်။

ၔင်းက "ဒီစက်ရုံတွေနဲ့ပတ်သက်ပြီး လူထုတွေက မသိနားမလည်ခဲ့ဘူး။ ကုမ္ပဏီတွေက လက်ရှိဦးဝင်းမော်နဲ့ပတ်သက်တဲ့ Global South Industrial Co.ltd လည်း EIA၊ SIA လုပ်ထားတာလည်း ဘာမှမရှိဘူး။ ပြီးတော့ HIA ကျန်းမာရေးနဲ့ပတ်သက်တဲ့ လေ့လာဆန်းစစ်ချက်တွေ သူတို့ဘားမှမလုပ်ဘူး။ အဲဒါကြောင့် မလုပ်ဘဲနဲ့ ဒီစက်ရုံကို MIC က ဘယ်လိုလုပ် ခွင့်ပြုမှုပေးလဲဆိုတာ ကျတော့်အနေနဲ့စိုးရိမ်မှုဖြစ်တယ်" လို့ပြောပါတယ်။

အဆိုပါစက်ရုံတည်ဆောက်မှုနှင့်ပတ်သက်ပြီး ကရင်နီအကြီးစားရင်းနှီးမြှုပ်နှံမှု စောင့်ကြည့်ရေးကွန်ယက် (KMIW) ကနေ ပူးပေါင်းကြံစည်မှု အစီရင်ခံစာပါ အကြောင်းအရာကို သတင်းစာရှင်းလင်းပွဲ လုပ်ခဲ့ပြီး ကုမ္ပဏီကနေ ကောင်းကျိုး/ဆိုးကျိုးတွေကို ချပြတာမရှိဘူးလို့ဝေဖန်ထားပါတယ်။

သက်ဆိုင်ရာ Global South Industrial Co.ltdဘက်က ဒါရိုက်တာ ဦးဝင်းမော်ကို အရင်ကဆက်သွယ်မေးမြန်းခဲ့ဖူးစဉ်အချိန်ကတော့ လက်ရှိတည်ဆောက်နေချိန်မှာပဲတဆက်တည်း EIA၊ SIA တွေကို သက်ဆိုင်ရာဌာနဆိုင်ရာတွေနဲ့ပူးပေါင်းပြီးဆောင်ရွက်နေတယ်လို့ ဖြေကြားခဲ့ဖူးတာရှိပါတယ်။

စက်ရုံတည်ဆောက်မှုအပေါ် ကရင်နီအရပ်ဖက်အဖွဲ့တွေအနေနဲ့ ပြည်သူတွေရဲ့ ကန့်ကွက်မဲလေးထောင်ကျော်ရရှိထားပြီး ကန့်ကွက်မဲတစ်သောင်းကျော်ရရှိပါက ၃-သမ္မတဦးဟင်နရီဗန်ထီးယူထံ ဆက်လက်တင်ပြသွားဖို့စီစဉ်ထားတဲ့အပေါ်မှာ ဒေသခံကိုယ်စားလှယ်လောင်းတွေက အသုံးပြုမဲဆွယ်ခြင်းဖြစ်ပါတယ်။

ကယားပြည်နယ်ဒီမိုကရက်တစ်ပါတီက ပြည်နယ်အခြေစိုက်တိုင်းရင်းသားပါတီဖြစ်ပြီး ကယားပြည်နယ် မြို့နယ် (၇) မြို့နယ်ရှိ မဲဆန္ဒနယ် ၃၄ နေရာ အနက် ၃၀ နေရာမှာ ဝင်ရောက်ယှဉ်ပြိုင်သွားမှာဖြစ်ပါတယ်။

ကယန်းအမျိုးသားရေးအတွက် ရွေးကောက်ခံမည့် ခွန်းဒီးဒီ

ခွန်းကလိုင်းဖရီး

လက်ရှိလွတ်တော်အမတ်တွေရဲ့ ဆောင်ရွက်ချက်တွေကို အားမလိုအားမရဖြစ်နေတဲ့ ကယန်း တိုင်းရင်းသားတစ်ဦးဖြစ်တဲ့ ရွေးကောက်ပွဲမှာ ဝင်ရောက် အရွေးခံဖို့ ဆုံးဖြတ်လိုက်ပါတယ်။

သူက ရှမ်းပြည်နယ်တောင်ပိုင်း ဖယ်ခုံမြို့နယ်၊ မိုးဖြဲမြို့၊ သာယာကုန်းရပ်ကွက်မှာ နေထိုင်တဲ့ အသက် ၄၂နှစ်အရွယ် ခွန်းဒီးဒီဆိုသူဖြစ်ပြီး လက်ရှိ လွတ်တော် အမတ်တွေ၊ ပြည်နယ်အစိုးရတွေရဲ့ လုပ်ဆောင်ချက်တွေကို အားမရဖြစ်နေတာ ကြာမြင့်နေပြီ ဖြစ်ပါတယ်။

ဒါကြောင့် သူ့အနေနဲ့ ၂၀၂၀ အထွေထွေရွေးကောက်ပွဲမှာ ရှမ်းပြည်နယ် ဖယ်ခုံမဲဆန္ဒနယ် အမှတ်(၂) ပြည်နယ်လွတ်တော်နေရာမှာ ကယန်းအမျိုးသားပါတီကိုယ်စားပြု ဝင်ရောက်ယှဉ်ပြိုင်အရွေးခံသွားမှာ ဖြစ်ပါတယ်။

ခွန်းဒီးဒီဟာဆိုရင် အရင်က ကလူမှုဖွံ့ဖြိုးရေးအဖွဲ့အစည်းတွေမှာ တာဝန်ထမ်းဆောင်ရာကနေ၂၀၁၈ ခုနှစ်မှာကယန်းအမျိုးသားပါတီကိုစတင်ဝင်ရောက်ခဲ့ပြီး အခုအခါမှာတော့ ပြည်နယ်လွတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် ဝင်ရောက် အရွေးခံခြင်းဖြစ်ပါတယ်။

“၂၀၂၀ ရွေးကောက်ပွဲမှာ ဘာဖြစ်လို့ ကယန်းအမျိုး သားပါတီကနေ ဝင်ရောက်ယှဉ်ပြိုင်တာလဲလို့ ပြောမယ်ဆိုလို့ရှိရင် လက်ရှိလွတ်တော်အမတ်တို့ နောက်ကယန်းအရေးကို လုပ်ပေးနေတဲ့ ကယန်းဝန်ကြီးတို့တွေရဲ့ လုပ်ငန်းဆောင်ရွက်မှုတွေ အပေါ်မှာ အားမလို အားမရတာတွေလည်းပါတယ်။ နောက်တစ်ခုကလည်း ကျနော်တို့က ကယန်းတစ်ယောက်ဖြစ်တဲ့အတွက်ကြောင့်မို့လို့ ကယန်းအမျိုးသားနိုင်ငံရေးကို ကိုယ်တိုင်ပါဝင်ပြီးတော့မှ ထမ်းဆောင်ချင်တာလည်းပါတယ်”

ခွန်းဒီးဒီက ဝိဇာဘွဲ့၊ စိတ်ပညာနှင့် ကျောင်းပြီးထားပြီး ငြိမ်းချမ်းရေးနှင့် ပဋိပက္ခအသွင် ကူးပြောင်းရေးဆိုင်ရာဒီပလိုမာရရှိထားကာ အင်္ဂလိပ်စာသင်တန်းကျောင်းတွေမှာ ပညာသင်ယူဖူးသူဖြစ်ပါတယ်။

၂၀၀၉ခုနှစ်ကနေ ၂၀၂၀ အထိ လူမှုဖွံ့ဖြိုးရေးနယ်ပယ်မှာ အချိန်များစွာလုပ်ဆောင်ခဲ့သူဖြစ်ပြီး ဆွေသဟာလူမှုဖွံ့ဖြိုး ရေးအဖွဲ့မှာ လက်ထောက်ဒါရိုက်တာ၊ မဂ္ဂင်လူမှုဖွံ့ဖြိုးရေးအဖွဲ့ရဲ့ ပရိုဂရမ်မန်နေဂျာ၊ နိုင်ငံတကာအသင်းအဖွဲ့ တစ်ခုဖြစ်တဲ့ အင်တာဆော့မှာ မြန်မာနိုင်ငံတာဝန်ခံ၊ အလင်းသစ်လူမှု ဖွံ့ဖြိုးရေးအဖွဲ့ရဲ့ဒါရိုက်တာအဖြစ် တာဝန်ယူဆောင်ရွက်ခဲ့သူဖြစ်ပါတယ်။

လူမှုဖွံ့ဖြိုးရေးလုပ်ငန်းတွေမှာ အတွေ့အကြုံအများ အပြား ရှိတဲ့အတွက် ဒေသရဲ့ဖွံ့ဖြိုးရေး၊ စည်းလုံးညီညွတ်ရေး၊ တန်းတူညီမျှရေးနှင့် ငြိမ်းချမ်းရေးကိစ္စတွေမှာ ဖော်ဆောင်လိုတဲ့စိတ်ဆန္ဒကြောင့် ကယန်းအမျိုးသားပါတီ ဝင်အဖြစ် ၂၀၁၈စုနှစ်မှာ စတင်ဝင်ရောက်ခဲ့ပြီး လာမည့် ၂၀၂၀အထွေထွေ ရွေးကောက်ပွဲမှတဆင့် ဒေသအတွက် အကျိုးပြု လိုကြောင်း ခွန်းဒီးဒီက ဆိုပါတယ်။

အခုရွေးကောက်ပွဲအောင်နိုင်ရေးအတွက် သူ့ကို အနီးကပ်ကူညီနေတဲ့ ပုဂ္ဂိုလ်တွေနဲ့ တိုင်ပင်ဆွေးနွေးနေကာ ဆောင်ရွက်လျက်ရှိပြီး ကိုဗစ်ကာလဖြစ်တဲ့အတွက် မဲဆွယ်စည်းရုံးရေးတွေကိုတော့ အားကစားနှင့် ကျန်းမာရေးဝန်ကြီးဌာနရဲ့ လမ်းညွှန်ချက်အတိုင်း သတိထားလုပ်ဆောင်နေတယ်လို့ ခွန်းဒီးဒီက ပြောပါတယ်။

“ကျနော်တို့ ကျေးရွာတွေကို သွားပြီးတော့မှ မဲဆွယ်စည်းရုံးရေးလုပ်တဲ့အခါမှာလည်း အထူးသဖြင့် ကျန်းမာရေးဌာနကနေ သူတို့ သတ်မှတ်ထားတဲ့ ကိန်းဂဏန်းတွေနဲ့ပဲပေါ့နော်။ ဥပမာ လူ ၅၀ ထက်မကျော်ရဆိုတဲ့ ကိန်းဂဏန်းတွေနဲ့ လူ ၂၀၊ ၃၀ နဲ့ အဓိကဖြစ်တဲ့ လူငယ်ခေါင်းဆောင်တို့၊ ရပ်မိရပ်ဖတို့၊ နောက် ပြောနိုင်ဆိုနိုင်တဲ့ ရပ်ကွက်ထဲက လူတွေနဲ့ပဲ စုပြီးတော့မှ သူတို့နဲ့ တွေ့ဆုံတယ်။ ဆွေးနွေးတယ်။ ကိုယ့်အမျိုးသားပါတီ အောင်နိုင်ရေးကိစ္စ တွေနဲ့ ပတ်သက်ပြီးတော့မှ အဲ့လိုမျိုး ဆွေးနွေးပါတယ်”

သူ့အနေနဲ့ ရွေးကောက်ပွဲကတိကဝတ်အဖြစ် ကယန်းဒေသမှာနေထိုင်ကြတဲ့ ဌာနေတိုင်းရင်း သားတို့ရဲ့ အခြေခံ အခွင့်အရေး အပြည့်အဝရရှိစေရေး၊ တောင်ယာကိုအဓိကလုပ်ကိုင်စားသောက်ကြတဲ့ ဒေသခံတောင်သူတွေအတွက် အကာအကွယ် အပြည့်အဝပေးနိုင်တဲ့ မူဝါဒဖြစ်ပေါ်လာရေးအတွက် လွတ်တော်မှ တဆင့်တောင်းဆိုရေး ဆိုသည့် အချက်နှစ်ချက်ကို ရွေးကောက်ပွဲကတိကဝတ်အဖြစ် ပေးထားပါတယ်။

ကယန်းဒေသအချို့မှာဘိန်းစိုက်ပျိုးရေးလုပ်ကိုင်မှုတွေ အခုချိန်ထိ ရှိနေဆဲဖြစ်ပါတယ်။ ဒီဘိန်းစိုက်တောင်သူတွေအပေါ် ရာဇဝတ်သားအဖြစ်ရှုမြင်တာကို ခွန်းဒီးဒီက မလိုလားပါဘူး။

ဒုံအပြင် ကယန်းအမျိုးသား ပါတီအနေဖြင့် မူဝါဒ ၁၂ရပ်ထဲမှာ ဘိန်းစိုက်တောင်သူများကိုအကာအကွယ်ပေးနိုင်တဲ့ ဥပဒေပေါ်ပေါက်လာစေဖို့ အကန့်အသတ်ဖြင့် တရားဝင်စိုက်ပျိုးခွင့်ပေးမည့်စနစ်ပေါ်ပေါက်လာစေဖို့ ပါရှိထားပါတယ်။

ခွန်းဒီးဒီအနေဖြင့် လွတ်တော်ထဲရောက်ရှိပါက အဆိုပါမူဝါဒကို အကောင်အထည်ဖော်နိုင်ဖို့ လွတ်တော်ထဲသို့ တင်သွင်းသွားမယ်လို့ဆိုပါတယ်။

လက်ရှိအခြေအနေအရ လူထုတွေ့ဆုံပွဲတွေကို လုပ်ဆောင်လျက်ရှိရာ ဒေသခံများ၏ ထောက်ခံမှု ၇၅ရာခိုင်နှုန်းခန့် ရရှိထားပြီး ရွေးကောက်ပွဲအောင်နိုင်မယ်လို့ ခွန်းဒီးဒီက ယုံကြည်လျက်ရှိနေပါတယ်။

“လက်ရှိကျေးရွာတွေ ဆင်းတယ်။လူထုတွေနဲ့ တွေ့ဆုံပွဲတွေ လုပ်လိုက်တဲ့ အခြေအနေရဲ့ ရလဒ်အရပေါ့။ ဒါတော့ လူထုထောက်ခံမှုက ၇၅ ရာခိုင်နှုန်းရတယ်လို့ ကိုယ်ကတော့ ယူဆထားတယ်။ ဒါကြောင့် မို့လို့ ရွေးကောက်ပွဲမှာ အနိုင်ရမယ်လို့ တထစ်ချ ယုံကြည်ထားတယ်”

၂၀၂၀ရွေးကောက်ပွဲမှာ ကယန်းအမျိုးသားပါတီအနေနဲ့ ရှမ်းပြည်နယ် ဖယ်ခုံမြို့နယ်ရှိ မဲဆန္ဒနယ်မှာ ၅နေရာ၊ ကရင်ပြည်နယ် သံတောင်ကြီးမြို့ရှိ မဲဆန္ဒနယ်တွင်တစ်နေရာ၊ ကယားပြည်နယ်တွင် လေးနေရာ စုစုပေါင်း မဲဆန္ဒနယ် ၁၀နေရာ ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ပြီး ပါတီကြီးတွေကို ယှဉ်ပြိုင်နိုင်ဖို့ ကယားပြည်နယ်အခြေစိုက်ပါတီဖြစ်တဲ့ ကယားပြည်နယ်ဒီမိုကရက်တစ်ပါတီနှင့်မဟာမိတ်ဖွဲ့ထားပါတယ်။

ၛင်းအနေနဲ့ ဖယ်ခုံမဲဆန္ဒနယ်မှာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကနေ ဦးအန်းဂျေလို့၊ ပြည်ခိုင်ဖြိုးပါတီကနေ ဦးစိန်ကျော် လွင်၊ အမျိုးသား ဒီမိုကရေစီအင်အားစုကနေ ဒေါ်နန်းရွှေ ညီညွတ်သော ဒီမိုကရက်တစ်ပါတီကနေ ဦးမျိုးမင်းထိုက်နှင့် ပြည်ထောင်စုကောင်းကျိုးဆောင်ပါတီကနေ ဦးမြင့်အောင်တို့နဲ့ ယှဉ်ပြိုင်ရမှာဖြစ်ပါတယ်။

အင်အားကြီးပါတီနှစ်ခု ပါဝင်တယ်ဆိုပေမယ့် လည်းပြည်မကြီးကနေ ပါတီတွေဖြစ်တဲ့အတွက် ဒေသခံ ခွန်းဒီးဒီအနေနဲ့ ရွေးကောက်ပွဲမှာ နာတစ်ဖျားသာတဲ့ အနေအထားတစ်ရပ်ပင်ဖြစ်ပါတယ်။

ဒါကြောင့် ပြည်နယ်လွတ်တော်ကိုယ်စားလှယ်လောင်းခွန်းဒီးဒီရဲ့ ရွေးကောက်ပွဲအောင်နိုင်ရေးအိမ်မက် အမှန် ကယ်ဖြစ်လာမှာလားဆိုတာ နိုဝင်ဘာ ၈ရက်နေ့မှာ စောင့်ကြည့်ရမည်ဖြစ်ပြီး ကယန်းလူမျိုးတို့ရဲ့ အခွင့်အရေးတွေ ဆောင်ရွက်မည့်သူတစ်ဦး လွတ်တော်ထဲ ရောက်ရှိနိုင်မှာလားဆိုတာ မကြာခင်မြင်တွေ့ရတော့မှာဖြစ်ပါတယ်။

ပြည်နယ်အခြေစိုက်ပါတီတွေရဲ့ဆိုင်းဘုတ် ဖျက်ဆီးခံရပေမယ့်အမှုမဖွင့်ခဲ့

မော်မီမြာ

ကယားပြည်နယ်ဒီမိုကရက်တစ်ပါတီ (KySDP) ၊ ကယန်းအမျိုးသားပါတီ(KNP)တို့ရဲ့ ကိုယ်စားလှယ်လောင်းဆိုင်းဘုတ်တွေဖျက်ဆီးသူကိုသိရှိပေမယ့်လည်း အမှုဖွင့်တိုင်ကြားတာတွေ မပြုလုပ်ခဲ့ကြပါဘူး။

ကယားပြည်နယ် ဒီးမောဆိုမြို့နယ် အနောက်ဘက်ခြမ်း လိုဘာခိုကျေးရွာအုပ်စု ဆောင်ဒူရွာမှာ KySDPနဲ့ KNPပါတီဆိုင်းဘုတ်ကို ပြီးခဲ့တဲ့ အောက်တိုဘာလ ၃တိယအပတ်အတွင်းက ဖျက်ဆီးခံရပါတယ်။

ၛင်းမဲဆန္ဒနယ်အမှတ်(၂)ပြည်နယ်လွတ်တော်မှာ ဝင်ရောက်ယှဉ်ပြိုင်မယ့် ကယန်းအမျိုးသားပါတီက ကိုယ်စားလှယ်လောင်း ခွန်းမြင့်နိုင်က တော့ စိတ်တော့ မကောင်းဘူးဒါပေမယ့်လည်း အမြင်မတူတာတွေ ရှိနေတာက ဒီမိုကရေစီပါပဲလို့ ပြောပါတယ်။

ပါတီဆိုင်းဘုတ်ဖျက်ဆီးတဲ့သူက ဘယ်လိုရည်ရွယ်ချက်နဲ့ ဖျက်တာဖြစ်ဖြစ် ပြင်းပြင်းထန်ထန် အရေးယူဆောင်ရွက်တာမျိုးမဆောင်ရွက်ဘဲ နောက်နောင် မဖြစ်အောင်ဘဲ ထိန်းသိမ်းသွားမှာ ဖြစ်တယ်လို့ ဒီးမောဆိုမြို့နယ် ကယားပြည်နယ်ဒီမိုကရက်တစ်ပါတီနဲ့ ကယန်းအမျိုးသာပါတီ ရုံးအဖွဲ့မှူး ခွန်သောမတ်စ် ကဆိုပါတယ်။

ဖျက်ဆီးတဲ့သူက ဆောင်ဒူရွာဘေးပတ်ဝန်းကျင် ရွာသားတစ်ယောက်ဖြစ်တယ်လို့ဆိုပါတယ်။

ဖျက်ဆီးခံရမှုနဲ့ ပါတ်သက်ပြီး ရွေးကောက်ပွဲကော်မရှင်ကို အသိပေးအကြောင်းကြားထားပြီးဌင်းကိစ္စနှင့်ပတ်သက်လို့ အမှုဖွင့်တိုင်ကြားတာတွေတော့ ဆက်မလုပ်ဘူးလို့ ဒီးမောဆိုမြို့နယ် ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးကံရွှေ ထံမှသိရပါတယ်။

ပြီးခဲ့တဲ့အောက်တိုဘာလ ၅ရက်နေ့မှာ ကယားပြည်နယ် ဘောလခဲမြို့နယ်မှာ ပါတီလေးခုရဲ့ ဆိုင်းဘုတ်ကို စိတ်မနှံ့သူတစ်ဦးမှ ဖျက်ဆီးခဲ့တာလည်း ရှိခဲ့ပါတယ်။

ဒီးမောဆိုမြို့နယ်တွင် ကယားပြည်နယ်ဒီမိုကရက်တစ်ပါတီ၊ ကယန်းအမျိုးသားပါတီ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ အမျိုးသားဒီမိုကရေစီအင်အားစု၊ ညီညွတ်သော ဒီမိုကရက်တစ်ပါတီ၊ ပြည်ထောင်စုကောင်းကျိုးဆောင်ပါတီ၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ၊ အမျိုးသားနိုင်ငံရေးဒီမိုကရက်တစ်ပါတီ၊ မြန်မာနိုင်ငံတောင်သူလယ်သမား အလုပ်သမား ပြည်သူ့ပါတီ စုစုပေါင်း ပါတီ ၁၀ခု ဝင်ရောက်ယှဉ် ပြိုင်မှာ ဖြစ်ပါတယ်။

မယ်စဲ့မြို့ ကြိုတင်မဲပုံး လုံခြုံရေးကြိုးပြတ်မှု ဝေဖန်ခံနေရ

ခွန်းကလိုင်းဖရီး

ကယားပြည်နယ် မယ်စဲ့မြို့နယ်က ကြိုတင်ဆန္ဒမဲပုံး လုံခြုံရေး ကြိုးတွေ ပြတ်တောက်မှု ဝေဖန်ခံနေရပါတယ်။ မြို့နယ် ရွေးကောက်ပွဲကော်မရှင်တာဝန်ရှိသူတွေကတော့ ကြိုတင်ဆန္ဒမဲတွေ မရောက်လာသေးတာကြောင့် ဝေဖန်မှုတွေနဲ့ ပတ်သက်ပြီး ဖြေရှင်းစရာမရှိကြောင်း ပြောပါတယ်။

ကယားပြည်နယ်၊ ဘောလခဲခရိုင်၊ မယ်စဲ့မြို့နယ်က ကြိုတင်ဆန္ဒမဲပုံးတစ်ခုမှာ လုံခြုံရေးအတွက် ချိတ်ပိတ်ထားတဲ့ ကြိုးတွေ မနေ့ အောက်တိုဘာ ၂၆ ရက်နေ့ မွန်းတည့်ချိန်လောက်မှာ အလိုအလျောက်ပြတ်တောက်သွားခဲ့တယ်လို့ မယ်စဲ့မြို့နယ် ရွေးကောက် ပွဲကော်မရှင် အဖွဲ့ခွဲရုံးက အသိပေးထုတ်ပြန်ထားပါတယ်။

အခုလို အရေးကြီးတဲ့ကာလအတွင်း ဒီလိုဖြစ်သွားတဲ့အပေါ်မှာ လွှတ်တော်ကိုယ်စားလှယ်လောင်းတချို့ရဲ့ ဝေဖန်မှုတွေလည်း ထွက်ပေါ်နေပါတယ်။

မယ်စဲ့မြို့နယ် မဲဆန္ဒနယ်အမှတ် (၁) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် ကယန်းအမျိုးသားပါတီ ကိုယ်စားပြု ဝင်ရောက်ယှဉ်ပြိုင်မယ့် ခရစ္စတီးနား (၁) မူဂလိုရီယာက ကြိုတင်ဆန္ဒမဲပုံး ချိတ်ပိတ်ထားတာတွေ ပြတ်သွားပေမယ့် မဲပြားတွေ မရှိသေးတာကြောင့် ခံသာသွားတယ်လို့ ပြောပါတယ်။

"အလိုအလျောက်လို့ ပြောတဲ့စကား လုံးတစ်လုံးပေါ့နော်။ ၄ ချောင်းထဲက ၃ ချောင်းလုံးလုံး ပြတ်တယ်ဆိုတော့ ဒါက ဖွင့်လို့ရတဲ့ အခြေအနေလေ။ ကျမအထင်ပြောရရင်တော့ ဒါက လုပ်ဆောင်မှု တစ်ခုခု ပဲပေါ့နော်။ မသမာမှုဆိုတဲ့ အဆင့်အထိကိုတော့ ဆွဲမတွေးချင်ဘူး။ ဒါကတော့ လူကနေလုပ်တဲ့ ဟာတော့ မြင်တယ်။ ဒါပေမယ့် တစ်ခုပဲရှိတာကမဲပြား မရောက်သေးဘူးဆိုတဲ့ဟာတော့ နည်းနည်းတော့ ခံသာတယ်"

ဒုတိယအပြင် အခုလို ထုတ်ပြန်ချက်ဟာ ရာနှုန်းပြည့် ခိုင်လုံမှုမရှိတဲ့အတွက် မြို့နယ်ရွေးကောက်ပွဲ ကော်မရှင်ကကျင်းပမယ့် အစည်းအဝေးကိုတက်ရောက်တဲ့အခါ ဒီကိစ္စအပေါ်မှာ မေးခွန်းထုတ်သွားမယ်လို့ ဆိုပါတယ်။

ဖရူဆိုမြို့နယ် မဲဆန္ဒနယ်အမှတ် (၁) ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်လောင်းအဖြစ် ကယားပြည်နယ် ဒီမိုကရက်တစ်ပါတီ ကိုယ်စားပြု ဝင်ရောက်ယှဉ်ပြိုင်မယ့် ဦးသဲရယ်ကတော့ အခုလိုဖြစ် တာဟာ ရွေးကောက်ပွဲအပေါ် အယုံအကြည် ပျက်သွားစေနိုင်ကြောင်း ပြောပါတယ်။

"ဒီချိန်မှာ ဒါလောက် အရေးကြီးတဲ့အချိန်မှာ ဒီလိုဖြစ်သွားတယ် ဆိုတာကတော့ ဒါက မဖြစ်သင့်တဲ့ ကိစ္စပဲ။ ဆိုတော့ ဒီလိုဖြစ်သွားခြင်းအားဖြင့်၊ လုပ်ခြင်းအားဖြင့် ဒါ ကျနော်တို့ ရွေးကောက်ပွဲအပေါ်မှာ ကျနော်တို့က သိပ်အယုံအကြည်မရှိဘူးတဲ့ ပုံစံမျိုး ဖြစ်သွားနိုင်တာပေါ့။"

မယ်စဲ့မြို့နယ်၊ အမှတ် (၁) မဲဆန္ဒနယ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အဖြစ် အမျိုးသားဒီမိုကရေစီအင်အားစုပါတီ ကိုယ်စားပြု ဝင်ရောက်ယှဉ်ပြိုင်မယ့် ဦးသန့်ဆွေကလည်း ကြိုတင်ဆန္ဒမဲပုံး ချိတ်ပိတ်ထားတာတွေ ပြတ်တောက်ကုန်တာဟာ လက်မခံနိုင်စရာ ဖြစ်ကြောင်း ပြောပါတယ်။

"ဒါကတော့ အဆင်မပြေတဲ့ အပြုအမူတစ်ခုလို့ ကျနော်ယူဆပါတယ်။ အဆင်မပြေအောင် တစ်ခုခု ဖြစ်သွားပြီဆိုတဲ့ ပုံစံမျိုး ကျနော်တို့ ယူဆတယ်"

လုံခြုံရေးကြိုးတွေပြတ်တောက်သွားတဲ့ကြိုတင်မဲပုံးဟာ မယ်စဲ့မြို့နယ်ကသက်ဆိုင်ရာ မဲဆန္ဒနယ် ပြင်ရောက် မဲဆန္ဒရှင်တွေ၊ မဲဆန္ဒနယ်ပြင်ပရောက် တပ်မတော် သားတွေနဲ့ အတူနေ အိမ်ထောင်စု ဝင်တွေကနေ ပြန်လည်ပေးပို့တဲ့ကြိုတင်မဲလက်မှတ်တွေကိုထည့်သွင်းဖို့အတွက် ပြင်ဆင်ထားတဲ့ ကြိုတင်မဲပုံး ဖြစ်ပါတယ်။

မယ်စဲ့မြို့နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲရုံး ဦးစီးအရာရှိ ကျော်မြင့် ဦးကတော့ ဝေဖန်မှုတွေ ရှိနေပေမယ့် မဲပုံးထဲမှာ မဲလက်မှတ်တွေ မရှိသေးတာကြောင့် အထူးတလည် ဖြေရှင်းချက်ပေးစရာ မလိုဘူးလို့ ပြောပါတယ်။

"ကျနော်တို့ ဘာမှ ဖြေရှင်းချက်ပေးစရာမရှိဘူး။ ကျနော်ပြောပြီးပြီကော။ အထဲမှာ ဆန္ဒမဲလက်မှတ် တစ်ခုမှ မရောက်သေးဘူးလို့။ အဲဒီကြိုးပြတ်တဲ့အချိန်မှာ မဲလက်မှတ်တွေရှိတယ် ဆိုရင်တော့ တစ်စုံတစ်ခု ဖြစ်မှာပေါ့။ အခုက မဲလက်မှတ်တစ်စောင်မှ မရောက်သေးတော့ ဘာမှ မဖြစ်ဘူး"

လုံခြုံရေးကြိုးတွေ ပြတ်တောက်သွားခဲ့တဲ့ နေ့မှာပဲ မယ်စဲ့မြို့နယ်ရွေး ကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံးမှာ အစားထိုး လုံခြုံရေးကြိုးနဲ့ ချိတ်ပိတ်ဆောင်ရွက်ခဲ့တယ်လို့ ဆိုပါတယ်။

ဒီဒေသဟာ ဝန်ကြီးချုပ်ဟောင်း ဦးအယ်လ်ဖောင်းရှိ ဝင်ရောက်ယှဉ်ပြိုင်တဲ့ နေရာလည်း ဖြစ်ပါတယ်။ သူ့ရဲ့ နယ်မြေက မယ်စဲ့မြို့နယ် ပြည်နယ်လွှတ်တော် မဲဆန္ဒနယ်အမှတ်(၂) ဖြစ်ပါတယ်။

ကယားပြည်နယ်မယ်စဲ့မြို့နယ်မှာနိုင်ငံရေးပါတီ (၉) ပါတီနဲ့ တသီးပုဂ္ဂလ ကိုယ်စားလှယ်လောင်း နှစ်ဦးအပါအဝင် လွှတ်တော်ကိုယ်စားလှယ်လောင်း စုစုပေါင်း (၃၃) ဦး ဝင်ရောက်ယှဉ်ပြိုင်ကြမှာဖြစ်ပါတယ်။

တစ်မြို့နယ်လုံး အတိုင်းအတာအရ ဆန္ဒမဲပေးခွင့်ရှိသူ ဦးရေ ၅၀၀၀ ဝန်းကျင်သာ ရှိပါတယ်။

ဝန်ကြီးချုပ်ဟောင်းဦးအယ်လ်ဖောင်းရှိနှင့် ယှဉ်ပြိုင်မည့် USDP ကိုယ်စားလှယ်လောင်း ပယ်ချခံရ

မော်မိမြာ

ကယားပြည်နယ်ဝန်ကြီးချုပ်ဟောင်း ဦးအယ်လ်ဖောင်းရှိနဲ့ ရွေးကောက်ပွဲမှာ ပြိုင်ဘက်ဖြစ်တဲ့ ပြည်ထောင်စုကြံ့ခိုင်ရေးနဲ့ ဖွံ့ဖြိုးရေးပါတီက ဦးနှင်းဝေကို ရွေးကောက်ပွဲကော်မရှင်က ကိုယ်စားလှယ်လောင်းကနေ ပယ်ချခံလိုက်ရတယ်လို့ သိရပါတယ်။

ဦးနှင်းဝေက ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲ ဥပဒေပုဒ်မတချို့နဲ့ ငြိစွန်းနေတဲ့အတွက် ပယ်ချခံရတာ ဖြစ်တယ်လို့ ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲ ကယားပြည်နယ်အတွင်းရေးမှူး ဦးကျော်ဆန်းဝင်း က ကန္တာရဝတီတိုင်းမ်ကို ဒီကနေ့အောက်တိုဘာလ (၁၃)ရက်နေ့မှာ ပြောကြားပါတယ်။

အခု ဝင်ရောက်ယှဉ်ပြိုင်ကြမယ့် မဲဆန္ဒနယ်က ကယားပြည်နယ်၊ မယ်စဲ့မြို့နယ်၊ ပြည်နယ်လွှတ်တော် မဲဆန္ဒနယ်အမှတ်(၂)နေရာ ဖြစ်ပါတယ်။

ပုဒ်မ ၈(ခ)အရ နိုင်ငံသားမိဘနှစ်ပါးက မွေးဖွားတဲ့နိုင်ငံသားဖြစ်ရမယ်ဆိုတဲ့ ဥပဒေကြောင့် ပယ်ချခံရတာဖြစ်ပြီး ဦးနှင်းဝေရဲ့ ပြောပြချက်အရ သူရဲ့မိဘ အရင်းနှစ်ဦးလုံးမှာ မြန်မာနိုင်ငံသားဖြစ်ပေမယ့် မိခင်ရဲ့ ဒုတိယအိမ်ထောင်ဆက်ခင်ပွန်းမှာ တရုတ်နိုင်ငံသားဖြစ်နေတဲ့အတွက်ကြောင့် လို့သိရပါတယ်။

ဦးနှင်းဝေက ပြီးခဲ့တဲ့ ၂၀၁၀နဲ့ ၂၀၁၅ရွေးကောက်ပွဲတွေမှာလည်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့သူ ဖြစ်ပါတယ်။

၂၀၁၀ ရွေးကောက်ပွဲမှာတုန်းကတော့ မယ်စဲ့မြို့နယ် မဲဆန္ဒနယ်အမှတ်(၁၂) အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အဖြစ် အနိုင်ရရှိခဲ့သူ တစ်ဦးလည်းဖြစ်ပါတယ်။

လာမယ့်ရွေးကောက်ပွဲမှာယှဉ်ပြိုင်ခွင့်မရပေမယ့် နိုင်ငံရေးကို ဆက်လက်လုပ်ဆောင်သွားမယ် လို့ပြောပါတယ်။

"ကျနော် ဝင်ပြိုင်ခွင့်မရပေမယ့် ကျနော်ကတော့ အမျိုးသားနိုင်ငံရေးကို ဆက်လုပ်သွားမယ်။ ပြီးရင် ကျနော်တို့ပြန်မှုတစ်ခုခုတော့ ကျနော်ဆက်လုပ်သွားမှာပါ။ တို့ပြန်မှုတစ်ခုခုဆိုတဲ့ဟာမှာ ကျနော့်ကိုတိုင်ကြားတဲ့အပေါ်မှာ ဘယ်သူဆိုတဲ့ဟာမှာ ကျနော်မကြည့်ပါဘူး ဘယ်သူပဲဖြစ်ဖြစ်ပါ။ အဲ့ဒီအပေါ်မှာ ကျနော်နိုင်ငံသားအသိစိတ်နဲ့ အမှန်ကိုအမှန်တိုင်းနဲ့ ပြန်ပြီးတော့မှ တို့ပြန်သွားမှာပေါ့နော နိုင်ငံသား တစ်ယောက်ရဲ့ တာဝန်နဲ့၊ အသိစိတ်နဲ့၊ လုပ်ပိုင်ခွင့်နဲ့ ကျနော်တို့ ပြန်ပြီးတော့မှ လုပ်သွားမှာပါ။" ဆိုပြီး ပယ်ချခံရတဲ့ပေါ် တို့ပြန်ပြောကြားခဲ့ပါတယ်။

ရွေးကောက်ပွဲကိုယ်စားလှယ်လောင်းအမည်စာရင်းကန့်ကွက်တာကိုအမည်စာရင်းတင်သွင်းပြီး ၄၅ရက်အတွင်းခိုင်လုံတဲ့အကြောင်းပြချက်တွေနဲ့ကန့်ကွက်လွှာတင်လို့ရပါတယ်။ လက်ရှိ ကယားပြည်နယ် မှာ၂၀၂၀ ရွေးကောက်ပွဲအတွက် အမည်စာရင်းတင်သွင်းထားတဲ့ ကိုယ်စားလှယ်လောင်းတွေထဲက ပယ်ချခံရတာ ဦးနှင်းဝေတစ်ယောက်ထဲ ဖြစ်ပါတယ်။

မယ်စဲ့မြို့နယ်၊ ပြည်နယ်လွှတ်တော်မဲဆန္ဒနယ် အမှတ်(၂)မှာ ရှမ်းတိုင်းရင်သားများ ဒီမိုကရေစီအဖွဲ့ချုပ်ပါတီ၊ အမျိုးသားဒီမိုကရေစီအင်အားစုပါတီ၊ ပြည်ထောင်စု ကောင်းကျိုးဆောင်ပါတီ၊ ညီညွှတ်သော ဒီမိုကရက် တစ်ပါတီ၊ ကယားပြည်နယ်ဒီမို ကရက်တစ်ပါတီ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီနဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ တို့ဝင်ရောက်ယှဉ်ပြိုင်မှာဖြစ်ပါတယ်။

ဒုတိယအကြိမ်မဲစာရင်း ပြည်နယ်အတွင်း မဲဆန္ဒရှင်ဦးရေ ၆၀၀ ကျော်သာတိုးလာ

နော်ဇွေးအယ်ရူ

ဒုတိယအကြိမ်မဲစာရင်းမှာ ကယားပြည်နယ်အတွင်း ဆန္ဒမဲဆန္ဒရှင်ဦးရေ ၆၀၀ ကျော်သာတိုးလာတယ်လို့ ပြည်နယ်ရွေးကောက်ပွဲကော်မရှင်ထံကနေ သိရပါတယ်။

ပထမအကြိမ်မဲစာရင်းမှာ ပုံစံ ၃ နဲ့ လျှောက်ထားသူ ၆၉၅၅ ဦး၊ ပုံစံ (၄) နဲ့ ပယ်ဖျက်သူ ၄၃၆၅ ဦး၊ ပုံစံ (၄-ဂ) နဲ့ အချက်အလက်မှားယွင်းတဲ့အတွက် ပြန်လည်ပြင်ဆင်သူ ၁၀၇၆၅ ဦးရှိတဲ့အထက ဒုတိယအကြိမ်မဲစာရင်းမှာ တိုးလာသူဦးရေ ၆၆၀ သာ ရှိနေတာဖြစ်ပါတယ်။

ဒုတိယအကြိမ်မဲစာရင်းထုတ်ပြန်တာကို အောက်တိုဘာ ၁ ရက်ကနေ ၁၄ ရက်အထိ သက်ဆိုင်ရာရပ်ကွက်၊ ကျေးရွာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးတွေမှာ ကပ်ထားပြီး ကယားပြည်နယ်တွင်း ပထမအကြိမ်ထုတ် ပြန်ထားတဲ့စာရင်းမှာ မဲပေးပိုင်ခွင့် ရှိသူ နှစ်သိန်းခုနစ်ထောင်ကျော်ရှိပြီး ယခု ဒုတိယအကြိမ်ထုတ်ပြန်ရာမှာ ၆၆၀ ဦးတိုးလာပါတယ်။

မဲဆန္ဒရှင်အနေနဲ့ မဲစာရင်းမှာ မိမိအမည် မပါဝင်ပါက သက်ဆိုင်ရာရပ်ကျေးကော်မရှင်အဖွဲ့မှာပြင်ဆင်ဖြည့်စွက်လျှောက်ထားတာတွေ၊ အခြားဒေသကနေ လာရောက်နေထိုင်သူဆိုရင် ပုံစံ (၃-က)နဲ့ လျှောက်ထားရတာတွေ၊ မဲစာရင်းမှာ မပါဝင်သင့်သူတွေ ပါဝင်နေပါက ပုံစံ (၄) နဲ့ ကန့်ကွက်တာတွေ၊ စတဲ့အချက်အလက်မှားယွင်းနေပါက ပုံစံ (၄-ဂ) နဲ့ ပြင်ဆင်လွှာတင်သွင်းတာတွေ သက်ဆိုင်ရာတာဝန်ရှိသူကနေတဆင့် ပြန်လည်စီစစ်ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။

ရက်ပေါင်း ၉၀ နဲ့အထက် မဲဆန္ဒနယ်ပြင်ပရောက် အခြားမဲဆန္ဒရှင်တွေက မိမိတို့ အမြဲတမ်းနေရပ်သို့ သွားရောက်ပြီး မဲပေးလိုခြင်းမရှိပါက မိမိတို့ ရှောက်ရှိနေတဲ့ မဲဆန္ဒနယ်မှာ ရွေးကောက်ခံတဲ့လွှတ်တော်ကိုယ်စားလှယ်လောင်းတွေကို ဆန္ဒမဲပေးနိုင်ခွင့် ရရှိစေဖို့အတွက် သက်ဆိုင်ရာရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ ခွဲသို့ ပုံစံ (၃-က) နဲ့ စက်တင်ဘာလ ၁၇ ရက်နေ့မှ အောက်တိုဘာလ ၁၀ ရက်နေ့အထိ လျှောက်ထားနိုင်လို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ထားပါတယ်။

တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ (တ စ ည) ပါတီရဲ့ ကတိကဝတ်

အန်ထောနီ

အနိုင်ရခဲ့မယ်ဆိုရင်လည်း ပါတီရဲ့စံငါးချက်အပြင် ပြည်သူတွေရဲ့တစ်ခြားလိုအပ်ချက်တွေကိုလည်း ဆောင်ရွက်ပေးဖို့ဆုံးဖြတ်ထားတယ်လို့ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ ဘောလခဲမြို့နယ် ပြည်နယ်လွတ်တော် မဲဆန္ဒနယ်အမှတ် (၁) မှာဝင်ရောက်ယှဉ်ပြိုင်မည့် ဦးကျော်သူရ ကပြောပါတယ်။

ဦးကျော်သီဟက "ပါတီရဲ့ကတိကဝတ်တော့အကြမ်းဖျင်းကတော့စံ ၅ချက်ရှိတယ်ပေါ့။ ဒါပေမယ့် ပါတီရဲ့မူဝါဒကိုလည်း ကျနော်တို့ကသွားသလို နောက်ပြီးတော့ကိုယ့်ရဲ့ကတိကဝတ်ဆိုတာက သီးခြားတော့မရှိပေမယ့် မြန်မာတိုင်းရင်းသားအကုန်လုံးရဲ့ လိုအပ်ချက်များကို ထောက်ပံ့ကူညီသွားမယ်လို့ ကျနော်တို့ကဆုံးဖြတ်ထားပါတယ်။" လို့ပြောပါတယ်။

ဦးကျော်သီဟသည် ထာဝရတွဲလက်မြန်မာ ရာသက်ပန်လှုရှင်ဖြစ်သည်နှင့်အညီ ပြည်သူများရဲ့လိုအပ်ချက်များကို အတွင်းကျကျသိသူတစ်ယောက်ဖြစ်တယ်လို့ ဆိုပါတယ်။

" ကျနော်ကတော့ ဒီဒေသခံတွေရဲ့အတိုင်းအတာမှာ လက်ရှိပေါ့နော် ၂၀၁၀ နဲ့ ၂၀၁၅ မှာ ကိုယ်စားလှယ်တွေ သူတို့ဝင်ရောက်ယှဉ်ပြိုင်တဲ့အခါမှာ ဘယ်သူကိုမှတော့ပုတ်ခတ်တာတော့မဟုတ်ဘူး သူတို့ရဲ့ လုပ်ဆောင်ချက်တွေကို မကြိုက်တဲ့အတွက်ကြောင့် ကျနော်ပြည်သူ့ရှေ့မှာ မားမားမတ်မတ် ရပ်တည်မယ်ဆိုပြီးတော ဝင်ရောက်ယှဉ်ပြိုင်တာ ဖြစ်ပါတယ်။"

ပါတီစုံရွေးကောက်ပွဲကြီးတွင် ပါတီအများအပြားဝင်ရောက်ယှဉ်ပြိုင်မှာဖြစ်ပြီး အင်အားကြီးပါတီများနှင့် ယှဉ်ပြိုင်ရမည်ဖြစ်သည့်အတွက် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီအနေဖြင့် ကြီးမားသောစိန်ခေါ်မှု တစ်ရပ်ဖြစ်နေပါတယ်။

အဲ့သလိုကြီးမားသောစိန်ခေါ်မှုကြားမှာမှ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီမှ ကိုယ်စားလှယ်လောင်းများကတော့ အနိုင်ရဖို့စိတ်အားထက်သန် နေကြပါတယ်။

တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ အမျိုးသားလွတ်တော် မဲဆန္ဒနယ်အမှတ် (၃) မှာဝင်ရောက်ယှဉ်ပြိုင်မယ့် ကိုယ်စားလှယ်လောင်း ဦးရဲရင့်စိုးညွန့်က " အဓိကဝင်ရတဲ့အကြောင်းအရင်းကတော့ ကျနော်တို့ကယားပြည်နယ်ရဲ့လိုအပ်ချက်အထွေထွေကို ကျနော်တိုင်းရင်းသားတစ်ယောက်ဖြစ်တာနဲ့အညီ တိုင်းရင်းသားတွေရဲ့ဘဝ ရှင်သန်နေထိုင်မှုကွဲပြားခြားနားမှု၊ ဘဝမျိုးစုံတွေ့ရှိတဲ့အခါမှာ ကျနေ့ာ်အနေနဲ့ ဒီရွေးကောက်ပွဲကို ဝင်ဖို့ဆုံးဖြတ်ခဲ့ခြင်းဖြစ်ပါတယ်"လို့ ပြောပါတယ်။

ဦးရဲရင့်စိုးညွန့်ဟာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ နာယကကြီး သူရဦးတင်ဝင်း ရဲတူအရင်းတစ်ယောက်လည်းဖြစ်သလို ၎င်းအနေနဲ့ အနိုင်ရရှိဖို့ယုံကြည်နေပါတယ်။

တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီရဲ့ ရွေးကောက်ပွဲကြေညာစာတမ်းမှာ ဗဟိုထိန်းချုပ်မှုလျော့ပါးရေး ဟုကြွေးကြော်ထားတဲ့အတွက်ကြောင့်အနိုင်ရရှိမည်ဆိုရင်လည်း ဗဟိုထိန်းချုပ်မှုမရှိဘူးလို့ဆိုပါတယ်။

"အတတ်နိုင်ဆုံးဝေဖန်ဆွေးနွေးခွင့်တွေရှိတယ်လေး ပါတီစုံညီစည်းလုံးညီညွတ်မှုတွေရအောင် နောက်ပြီးတော့ ကိုယ်ရည်မှန်းချက်ပန်းတိုင်တွေလည်းပဲရအောင်လို့ကတိကဝတ်ပေးထားတဲ့စကားတွေနဲ့အညီ ဆောင်ရွက်ပေးဖို့ဆိုပြီးတော့ရှိတယ်။ အကယ်၍ ဗဟိုထိန်းချုပ်မှုများလာရင် ကိုယ်ကပြန်လည်ဖြေလျှော့ပေးရမယ်။" လို့ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ ကယားပြည်နယ် ဥက္ကဋ္ဌ ဦးအောင်သိန်း ကပြောပါတယ်။

တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီအနေ့ ၂၀၂၀ ရွေးကောက်ပွဲမှာ ပြည်နယ်အတွင်း မဲဆန္ဒနယ်နယ် နေရာစုစုပေါင်း ၂၀ နေရာဝင်ရောက်ယှဉ်ပြိုင်မှာဖြစ်ပြီး မြို့နယ် ၅ မြို့နယ်မှာဝင်ရောက်ယှဉ်ပြိုင်မှာဖြစ်ပါတယ်။

၂၀၂၀ ရွေးကောက်ပွဲမှာ ကယားပြည်နယ်အတွင်းမှာ ဝင်ရောက်ယှဉ်ပြိုင်မည့်ပါတီစုစုပေါင်း ၁၃ ပါတီရှိပါတယ်။ နိုင်ငံရေးပါတီကိုယ်စားပြုနှင့် တစ်သီးပုဂ္ဂလကိုယ်စားလှယ်လောင်း ၁၃ ဦးအပါအဝင် စုစုပေါင်းကိုယ်စားလှယ်လောင်း ၂၇၂ ဦးအထိ ဝင်ပြိုင်ကြမှာဖြစ်ပါတယ်။

ဘောလခဲမြို့နယ်အတွင်း မဲဆန္ဒရှင်စုစုပေါင်း ၇၅၄၄ ဦးရှိပြီး ထိုအထဲတွင် တပ်မဲဆန္ဒရှင် ၁၂၁၆ ဦးရှိပါတယ်။

KySDP မှ အသက်အငယ်ဆုံးလွှတ်တော်ကိုယ်စားလှယ်လောင်း ခူးမိုက်ကယ်ဘိုးရယ်နှင့် အင်တာဗျူး

"လူငယ်တွေ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် အသိပညာ အတတ်ပညာရဖို့အတွက် အသက်မွေးဝမ်းကြောင်းကိစ္စတွေအတွက် လွှတ်တော်ထဲမှာ အဆိုတွေတင်ဖို့လည်းရှိတယ်။ ရဲဝံ့ပြတ်သားစွာ တောင်းဆိုမှာပါ"

လူငယ်လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးအနေနဲ့ ရွေးကောက်ပွဲအောင်နိုင်ရေးအတွက် စိန်ခေါ်မှုတွေ ပြင်ဆင်ထားမှုတွေ၊နိုင်ငံရေးအတွေ့အကြုံတွေနဲ့ပတ်သက်ပြီး ကယားပြည်နယ်အခြေစိုက်ပါတီဖြစ်တဲ့ ကယားပြည်နယ်ဒီမိုကရက်တစ်ပါတီ (KySDP) ကနေ အသက်အငယ်ဆုံး လွှတ်တော်ကိုယ်စားလှယ်လောင်း ခူးမိုက်ကယ်ဘိုးရယ်အား အခုလို တွေ့ဆုံမေးမြန်းဖြစ်ခဲ့ပါတယ်။

ခူးမိုက်ကယ်ဘိုးရယ်က ရှားတောမြို့နယ် ပြည်နယ်လွှတ်တော်မဲဆန္ဒနယ်အမှတ်(၂)မှာ ဝင်ရောက်ယှဉ်ပြိုင်သွားမှာဖြစ်ပါတယ်။

မေး။ ။ ဘာကြောင့် လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် ဝင်အရွေးခံဖြစ်တာလဲ။

ဖြေ။ ။ ဘာလို့အရွေးခံဖြစ်တာလဲဆိုတော့ ကျတော်တို့ရှားတောမြို့နယ်မှာ အရင်ကလုပ်ခဲ့တဲ့ ကိုယ်စားလှယ်အများစုက ဒေသခံတွေမဟုတ်ဘူး။ ဒေသခံတွေမဟုတ်တော့ ဒေသခံတွေအပေါ်မှာထားရှိတဲ့ စိတ်စေတနာတွေအားနည်းမှုရှိတယ်။ပြီးတော့သူတို့လုပ်ငန်းတွေကလည်း ဒေသခံလူထုအတွက် အသုံးဝင်မှုအားနည်းတယ်။ အဲဒါကိုအားမရဘူးလေ။ ကျတော်က ဒေသခံလူငယ်တစ်ယောက်လည်းဖြစ်တယ်။ ပါတီကလည်း အဆင်ပြေတယ်ဆိုတော့ အဲဒီထက်သာအောင် ပါတီအင်အားနဲ့ လုပ်သွားဖို့ အတွက် ဝင်ရောက်အရွေးခံခြင်းဖြစ် တယ်။

မေး။ ။ လူငယ်ကိုယ်စားလှယ်လောင်းတစ်ယောက်အနေနဲ့ လက်ရှိကြုံနေရတဲ့စိန်ခေါ်မှုတွေကဘာလဲ။

ဖြေ။ ။ စိန်ခေါ်ချက်ကတော့ လူငယ်ဖြစ်တော့ အတွေ့အကြုံနည်းတယ်။ နောက်တစ်ခုက ခေတ်စနစ်က လူ ကြီးတွေက လူငယ်တွေကို နေရာပေးတာ အားနည်းတာတွေရှိတယ်။ ပြီးတော့မှ ရှားတောမြို့နယ်ကလည်း တော်တော်လေးခက်ခဲတဲ့မြို့နယ်ထဲပါတော့ အဲဒါတွေကို လွှတ်တော်ထဲကနေလုပ်ဖို့ အခက်အခဲတော့နည်းနည်းရှိနိုင်ပါ တယ်။ ဒါပေမယ့် အဲဒီအခက်အခဲတွေကို လူထုအတွက်လုပ်ပေးဖို့အရာတွေကိုတော့ အကောင်းဆုံးလုပ်ဆောင် သွားမှာပါ။

မေး။ ။ ခက်ခဲတဲ့ဒေသကနေ ဝင်အရွေးခံတာဆိုတော့ ဘာတွေပြင်ဆင်ထားပြီးပြီလဲ။

ဖြေ။ ။ အဓိကကတော့ ကျွန်တော်တို့တိုင်းရင်းသားပြည်သူတွေအတွက် တန်းတူရေးလုပ်ဆောင်သွားမယ်။ ငြိမ်းချမ်းရေးတွေ အဓိကလုပ်ဆောင်သွားမယ့်အပိုင်းတွေရှိတယ်။ စောနကပြောတဲ့ ဒေသဖွံ့ဖြိုးရေးလည်း လူထု အသံနဲ့ လူထုလိုအပ်ချက်နဲ့ ထပ်တူကျမယ့် အရာတွေကို ကျွန်တော်တို့လုပ်ဆောင်သွားမယ်။လူထုတွေကတော့ ငြိမ်းချမ်းရေးကိုအလိုချင်ဆုံးပဲ။ ပြင်ဆင်ထားတာက ကိုယ့်တစ်ယောက်အနေနဲ့ လုပ်ထားလည်း ရှိတယ်။ ပါတီတွေ နဲ့လုပ်တာလည်းရှိတယ်ဆိုတော့။ တစ်ဦးတစ်ယောက်အနေနဲ့ကတော့ ဒေသအခြေအနေတွေ စိတ်နေစိတ်ထားခံ စားချက်တွေ လိုက်ကောက်တယ်။ ဒေသကျေးရွာတွေရဲ့ အခက်အခဲတွေ အဲဒါတွေနဲ့ပတ်သက်ပြီးတော့မှ လုပ် ထားတာတွေလည်းရှိပါတယ်။

မေး။ ။ ဒေသဖွံ့ဖြိုးရေးအပိုင်းမှာ ဘယ်ကဏ္ဍကိုတိုးတက်စေချင်လဲ။ ဘာတွေလုပ်ဆောင်ပေးချင်လဲ။

ဖြေ။ ။ အဓိက ရုပ်ပိုင်းဆိုင်ရာ စိတ်ပိုင်းဆိုင်ရာ အတွေးအခေါ်တွေမြင့်မားဖို့အတွက် လုပ်ဆောင်သွားဖို့ အဓိကရည်ရွယ်တယ်။ နောက်တစ်ခုက လူထုတွေရဲ့ပညာရေး ကျန်းမာရေး ပြီးတော့ အစိုးရလုပ်ငန်းတွေနဲ့ပတ်သက် တဲ့ဟာတွေအားလုံး အကောင်းဆုံးလုပ်ဆောင်သွားမှာပါ။ ရုပ်ပိုင်းဆိုင်ရာကတော့ လမ်းတံတားတွေ တိုးတက်ဖို့။ စိတ်ပိုင်းဆိုင်ရာက လူထုတွေရဲ့ အသိပညာဗဟုသုတကို ပိုပြီးတော့ နိုင်ငံရေးကိုသိဖို့ ကိုယ့်ရဲ့ရိုးရာဓလေ့၊ အမျိုး သားအရေး၊ မြို့နယ်အရေး၊ ကျေးရွာအရေးတွေကို ပိုသိအောင်လုပ်ဖို့ ရည်မှန်းထားတယ်။

မေး။ ။ လူငယ်တစ်ယောက်အနေနဲ့ ပါဝင်ခဲ့ဖူးတဲ့ လုပ်ရှားမှုတွေရှိလား။

ဖြေ။။လူမှုရေးဆက်စပ်တာတွေနိုင်ငံရေးဆက်စပ်တာတွေလုပ်ခဲ့တာ အများကြီးရှိတယ်။ ကျတော်ကလည်း လူငယ်တစ်ယောက်ဆိုတော့ အရင်ကလည်း ဖရေစိုးလေးလူငယ်မှာ ဗဟိုကော်မတီဝင်တစ်ယောက်လည်းဖြစ်တယ်။ လူမှုဒေသဖွံ့ဖြိုးရေးတာဝန်ခံတဲ့အပိုင်းမှာ လုပ်တယ် မြို့နယ်လူငယ်အရေး လုပ်ရှားတာတွေရှိတယ်။ အထင်ရှားဆုံးကတော့ ၂၀၁၈ အစောပိုင်းမှာ အစိုးရနဲ့ပြည်သူလူထုကိစ္စဖြစ်တဲ့ ရှားတောမြို့နယ် ကေ့ထျိုးဘိုးကွင်းမြေနေရာကိစ္စမှာ လူထုခေါင်းဆောင်တစ်ယောက်အနေနဲ့ ပါဝင်လုပ်ဆောင်ခဲ့တာရှိပါတယ်။

မေး။ ။ ကိုယ်တိုင်က လူငယ်တစ်ယောက်ဖြစ်သလို ရွေးကောက်ခံမယ့် ကိုယ်စားလှယ်လောင်းလည်းဖြစ်တဲ့အတွက် ကိုယ့်ဒေသက လူငယ်တွေအတွက် ဘယ်လိုကဏ္ဍတွေမှာ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးမလဲ။

ဖြေ။ ။ လူငယ်တွေနဲ့ဆက်စပ်တဲ့ ကဏ္ဍတွေ လူငယ်တွေ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် အသိပညာ အတတ်ပညာရဖို့အတွက် အသက်မွေးဝမ်းကြောင်း ကိစ္စတွေအတွက် လွှတ်တော်ထဲမှာ အဆိုတွေတင်ဖို့လည်းရှိတယ်။ ရဲဝံ့ပြတ်သားစွာ တောင်းဆိုမှာပါ။ လူငယ်နဲ့ဆက် စပ်တဲ့ ကဏ္ဍတွေမှာ အထောက်အကူပြုသွားမယ်။ ပြီးတော့မှ လူငယ်တွေ ဆက်စပ်တဲ့ ဦးဆောင်၊ ဦးရွက်မှုကဏ္ဍတွေကို ကိုယ်တိုင်မြင့်တင်ပေးမယ်။ ပြီးတော့မှ ကိုယ်ကလည်း လူငယ်တစ်ယောက်အနေနဲ့ဖြစ်တော့ ပါတီကိုလည်း အသက်အရွယ်ကို အဓိကမဟုတ်ပဲနဲ့ ကျွန်တော်တို့ လုပ်ကိုင်နိုင်စွမ်းတွေ ပြီးတော့မှ ဒေသရဲ့အချက်လက်တွေနဲ့ ကျနော်တို့ အဓိကလုပ်ကိုင်နိုင်စွမ်းတွေနဲ့ ပါတီကို အထောက်အကူအများ ကြီးဖြစ်စေမှာပါ။

မေး။ ။ ဒေသခံပြည်သူတွေက ဘာကြောင့် ဒေသခံကိုယ်စားလှယ်လောင်းကို မဲပေးသင့်လား။ ဘာကြောင့် မဲပေးသင့်တာလဲ။

ဖြေ။ ။ ဘာကြောင့်မဲပေးသင့်လဲဆိုရင် ဒေသခံလွှတ်တော်ကိုယ်စားလှယ်တွေက ကျနော်ဆိုရင် ဒေသခံလူငယ်ဖြစ်တယ်။ ဒေသတွေရဲ့ မြို့နယ်အကြောင်းကို ကျနော် အတွင်းကျကျသိတယ်လေနော်။ စိတ်ပိုင်းဆိုင်ရာဖြစ်ဖြစ်၊ သူတို့ရဲ့ စားဝတ်နေရေးကိစ္စရပ်တွေကို ကျနော်တိတိကျကျ ပိုသိတယ်လေ။ ဆိုတော့ပိုမဲပေးသင့်တယ်။ အဲ့လိုထင်တယ်။

မေး။ ။ အခုရွေးကောက်ပွဲမှာ အဓိကပြိုင်ဖက်ပါတီ သို့မဟုတ် ကိုယ်စားလှယ်လောင်းက ဘယ်သူဖြစ်မလဲ။

ဖြေ။ ။ အဓိကတော့ ကြံခိုင်ရေးက ပြည်နယ်လွှတ်တော်အမှတ် (၁) မှာ ယှဉ်ပြိုင်မယ့် ဦးဌေးရယ်ကို အဓိက ယှဉ်ပြိုင်ရသွားမယ်လို့ မြင်တယ်ပေါ့။ အခြားတော့ ဦးတီရယ်ပေါ့ NLD က လက်ရှိဝန်ကြီး။

မေး။ ။ နိုင်ငံရေးခံယူချက်က ဘာလဲ။

ဖြေ။။ နိုင်ငံရေးခံယူချက်ကတော့ ကျနော်တို့စိတ်ရင်းခံစေတနာနဲ့ ဒေသခံတွေရဲ့အကြောင်းကိုလည်းသိတယ်။ပြီးတော့မှဒေသအခြေအနေလဲ သိတယ်ဆိုတော့ စိတ်ရင်းခံအနေနဲ့ လူထုတွေကို စေတနာထားပြီး လူထုအသံနဲ့ထပ်တူကျတဲ့ အလုပ်တွေကို ကျွန်တော်တို့လုပ်သွားမယ်။ ကျွန်တော်တို့ဒီအပြောတွေထက်လေ ကျနော်တို့လက်တွေ့လုပ်ငန်းနဲ့သက်သေပြသွားမှာပါ။

မေး။ ။ ရွေးကောက်ပွဲမှာအနိုင်မရခဲ့ရင် ဘာဆက်လုပ်မလဲ။

ဖြေ။ ။ ကျွန်တော် နိုင်သည်ဖြစ်စေ၊ မနိုင်သည်ဖြစ်စေ လူထုကြားကနေ ကျနော်တို့က အမြဲတမ်းရှင်သန်သွားပြီးတော့မှ ထွန်းလင်းပေးမှာပါ။ ကျွန်တော်တို့ကတော့ နိုင်ငံရေးကဏ္ဍပဲဖြစ်ဖြစ်၊ ပါတီနိုင်ငံရေးကိစ္စပဲဖြစ်ဖြစ် လူထုတွေရဲ့ လိုအပ်ချက်ပဲဖြစ်ဖြစ် အမြဲတမ်းလုပ်ကိုင်ဆောင်ရွက်သွားမှာပါ။

မေး။ ။ ဘာတွေထပ်ပြီး ဖြည့်စွက်ပြောချင်ပါသလဲ။

ဖြေ။ ။ လူထုကို ကျွန်တော်ကယုံကြည်တယ်လေနော်။ ကျွန်တော်တို့ ရှားတောမြို့ လူထုတွေအနေနဲ့ ဒေသချစ်စိတ်၊ မျိုးချစ်စိတ် တွေနဲ့ အရည်အချင်းရှိမယ် ယုံကြည်တယ်။ ကျွန်တော်တို့ရဲ့ နိုင်ငံရေးအဆက်ဆက်မှာ ကျွန်တော်တို့ကို နည်းနည်းအထင်သေးတဲ့ အပိုင်းတွေ၊ လူထုကို အထင်သေးတဲ့အပိုင်းတွေကို ကျွန်တော်တို့ အကောင်းဆုံး လူထုနဲ့အတူ လက်တွဲရင်ဆိုင်သွားဖို့ ရှိပါတယ်။

Scan Me